**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၄၅၃/ ၂၀၂၀**

**၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသည် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ (က) အရ အပ်နှင်း ထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေကို ဆိုသည်။

(ခ) **ဆည်မြောင်းဝန်ထမ်းများ** ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှု အောက်ရှိ ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ခဲ့ပြီး နောက် မိမိဆန္ဒအလျောက်ဌာနမှ နုတ်ထွက်ခဲ့သည့်ဝန်ထမ်းများ၊ ဌာနကူးပြောင်း တာဝန်ထမ်းဆောင် ခဲ့သည့် ဝန်ထမ်းများနှင့် အငြိမ်းစားယူခဲ့သည့် ဝန်ထမ်းများကို ဆိုသည်။

(ဂ) **ရေအားလျှပ်စစ်ဝန်ထမ်းများ** ဆိုသည်မှာ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အုပ်ချုပ်မှုအောက်ရှိ ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် မိမိဆန္ဒ အလျောက်ဌာနမှ နုတ်ထွက်ခဲ့သည့် ဝန်ထမ်းများ၊ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်း များနှင့် အငြိမ်းစားယူခဲ့သည့် ဝန်ထမ်းများကို ဆိုသည်။

(ဃ) **ဆက်စပ်ရေအားအဆောက်အအုံများ** ဆိုသည်မှာ ပင်မရေပိုလွှဲ၊ အကူရေပိုလွှဲ၊ အရေးပေါ်ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ တမံအောက်ခြေရေထုတ်ပေါက်၊ ရေယူအဆောက်အအုံ၊ ရေလွှဲဥမင် လိုဏ်၊ ရေသွယ်မြောင်း၊ ရေလှုံထိန်းစည်၊ ရေထိန်းကန်၊ ဖိအားနိမ့်ပိုက်လိုင်း၊ ဖိအားမြင့်ပိုက်လိုင်း၊ ရေအား လျှပ်စစ်စက်ရုံနှင့် စက်ရုံရေထုတ်မြောင်းတို့ကို ဆိုသည်။

Myanmar Law Information System (MLIS)

(င) **ဆက်စပ်လုပ်ငန်းများ** ဆိုသည်မှာ ဆက်စပ်ရေအားအဆောက်အအုံများဆိုင်ရာ ဒီဇိုင်းသတ်မှတ် စံချိန် စံညွှန်းများ၊ ဌာနဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများပါအတိုင်း လည်ပတ်မောင်းနှင်ခြင်း၊ အသုံးချခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆိုသည်။

(စ) **လုပ်ငန်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၃၃ အရ ကော်မတီက ရွေးချယ်ခန့်ထားသည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မတီအဖွဲ့ဝင်** ဆိုသည်မှာ ဥပဒေပုဒ်မ ၂၁ နှင့်အညီ ကော်မတီအဖွဲ့ဝင်အဖြစ် ခွင့်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဇ) **ကော်မတီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီတွင် ပါဝင်သူကို ဆိုသည်။

(ဈ) **စာစဉ်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်က နှစ်စဉ်ထုတ်ပြန်သော တမံကြီး များနှင့် သက်ဆိုင်သည့် စာတမ်း၊ လိုက်နာရမည့်အချက်များ၊ အစီရင်ခံ တင်ပြချက်များ အပါအဝင် စာတမ်း အထောက်အထားများကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီက နှစ်စဉ်ထုတ်ပြန်သော လိုက်နာရမည့် အချက်များ၊ စာတမ်းများ၊ အစီရင်ခံစာများလည်း ပါဝင်သည်။

## အခန်း (၂)
## အထွေထွေညီလာခံကျင်းပခြင်း

၃။ နာယကအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က နာယကအဖွဲ့ကို ဖွဲ့စည်းသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တမံကြီးများနှင့် အဓိက ဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုအောက်ရှိ လုပ်ငန်းဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ယခင်အသင်းအဖွဲ့ စည်းမျဉ်းနှင့် အညီ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီတွင် ပါဝင်ကြသည့် အင်ဂျင်နီယာများ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များကို ဖိတ်ကြား၍ ပထမအကြိမ် အထွေထွေညီလာခံကို ကျင်းပပေးရမည်။

၄။ နာယကအဖွဲ့သည်-

(က) အထွေထွေညီလာခံ မကျင်းပမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ကော်မတီရုံးအဖွဲ့က ညီလာခံကျင်းပရန် စီစဉ်ရမည်။

(ခ) ယင်းအထွေထွေညီလာခံသို့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီတွင် မှတ်ပုံတင် ထားသည့် ကော်မတီအဖွဲ့ဝင်များအား ဖိတ်ကြားရမည်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၅။ နာယကအဖွဲ့က ပထမအကြိမ် အထွေထွေညီလာခံတွင် တမံကြီးများနှင့် အဓိက ဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုအောက်ရှိ အောက်ဖော်ပြပါ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ရွေးချယ်သည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအနက် စုစုပေါင်း ၃၇ ဦး၊ ပုဂ္ဂလိက ကုမ္ပဏီ

Myanmar Law Information System (MLIS)

အဖွဲ့အစည်းများမှ ၄ ဦးနှင့် ဝါရင့်ပညာရှင်များမှ ၄ ဦး အပါအဝင် စုစုပေါင်း ၄၅ ဦးထက် မပိုသော ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဆည်မြောင်းဝန်ထမ်းများ | ၂၀ ဦး |
| (ခ) | ရေအားလျှပ်စစ်ဝန်ထမ်းများ | ၁၀ ဦး |
| (ဂ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁ ဦး |
| (ဃ) | သစ်တောဦးစီးဌာန | ၁ ဦး |
| (င) | ရန်ကုန်နည်းပညာတက္ကသိုလ် | ၃ ဦး |
| (စ) | မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | ၁ ဦး |
| (ဆ) | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁ ဦး |
| (ဇ) | တမံကြီးများနှင့်ဆက်စပ်သည့် ပုဂ္ဂလိက ကုမ္ပဏီအဖွဲ့အစည်းများ | ၄ ဦး |
| (ဈ) | တမံကြီးများနှင့် ဆက်စပ်သည့်ဝါရင့်ပညာရှင်များ | ၄ ဦး |

**အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်း**

၆။ အလုပ်အမှုဆောင်ကော်မတီကို ဥပဒေပုဒ်မ ၇ အရ ရွေးကောက်တင်မြှောက်ထားသူ အဖွဲ့ဝင် ၁၅ ဦး ဖြင့် ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင်-

(က) ကော်မတီ၏ ဥက္ကဋ္ဌကို ဆည်မြောင်းဝန်ထမ်းများနှင့် ရေအားလျှပ်စစ်ဝန်ထမ်းများအနက်မှ အလှည့်ကျဝါရင့်အင်ဂျင်နီယာ တစ်ဦးဦးအား ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက် တာဝန် ပေးအပ်ရမည်။ ကော်မတီ၏ ဥက္ကဋ္ဌသည် ညီလာခံသက်တမ်း နှစ်ခုထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

(ခ) ဒုတိယဥက္ကဋ္ဌ နှစ်ဦးကို ဆည်မြောင်းဝန်ထမ်းများအနက်မှ ဝါရင့်အင်ဂျင်နီယာတစ်ဦးနှင့် ရေအားလျှပ်စစ် ဝန်ထမ်းများအနက်မှ ဝါရင့်အင်ဂျင်နီယာ တစ်ဦးတို့ကို ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်ရမည်။

(ဂ) အတွင်းရေးမှူးကို တမံကြီးများနှင့် အဓိကဆက်စပ်သည့် ဆည်မြောင်းဝန်ထမ်းများနှင့် ရေအား လျှပ်စစ်ဝန်ထမ်းများအနက်မှ ဝါရင့်အင်ဂျင်နီယာတစ်ဦးအား ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးကောက် တင်မြှောက်တာဝန်ပေးအပ်ရမည်။

(ဃ) ဘဏ္ဍာရေးမှူးကို တမံကြီးများနှင့်အဓိက ဆက်စပ်သည့် ဆည်မြောင်းဝန်ထမ်းများအနက်မှ ဝါရင့်ပညာရှင် တစ်ဦးအား ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်ရမည်။

(င) ကျန်ကော်မတီဝင် ၄၀ ဦး အနက်မှ အလုပ်အမှုဆောင် ကော်မတီဝင် ၁၀ ဦးကို ကော်မတီဝင်များက အောက်ဖော်ပြပါ အချိုးအစားအတိုင်း ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက် တာဝန် ပေးအပ်ရမည်-

| | | |
|---|---|---|
| (၁) | ဆည်မြောင်းဝန်ထမ်းများ | ၃ ဦး |
| (၂) | ရေအားလျှပ်စစ်ဝန်ထမ်းများ | ၂ ဦး |

Myanmar Law Information System (MLIS)

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၁ ဦး

(၄) ရန်ကုန်နည်းပညာတက္ကသိုလ် ၁ ဦး

(၅) တမံကြီးများနှင့် ဆက်စပ်သည့် ပုဂ္ဂလိက ကုမ္ပဏီအဖွဲ့အစည်းများ ၁ ဦး

(၆) တမံကြီးများနှင့် ဆက်စပ်သည့်ဝါရင့်ပညာရှင်များ ၂ ဦး

(စ) အလုပ်အမှုဆောင်ကော်မတီဝင် ၁၅ ဦးကို ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ် တာဝန်ပေးအပ်ရာတွင် ယင်းနေ့ရက်နှင့်အချိန်တွင် မပျက်မကွက် တက်ရောက်သူကိုသာ ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဆ) အလုပ်အမှုဆောင်ကော်မတီဝင် ၁၀ ဦးအနက်မှ တွဲဖက်အတွင်းရေးမှူးနှစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် အောက်ပါအတိုင်း ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ရမည်-

(၁) တွဲဖက်အတွင်းရေးမှူး နှစ်ဦးအဖြစ် တမံကြီးများနှင့် အဓိက ဆက်စပ်သည့် ဆည်မြောင်းဝန်ထမ်း များ အနက်မှ ဝါရင့်အင်ဂျင်နီယာတစ်ဦးနှင့် ရေအားလျှပ်စစ်ဝန်ထမ်းများအနက်မှ ဝါရင့်အင်ဂျင်နီယာ တစ်ဦး၊

(၂) စာရင်းစစ်တစ်ဦးအဖြစ် ဝါရင့်အင်ဂျင်နီယာများ သို့မဟုတ် ပညာရှင်များအနက်မှ တစ်ဦး။

(ဇ) ကော်မတီသည် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်၍ သက်ဆိုင်ရာ ရာထူးနေရာများအလိုက် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

(ဈ) ကော်မတီဝင်များသည် ကိုယ်စားလှယ်လောင်းအမည်စာရင်းမှ သက်ဆိုင်ရာရာထူး နေရာများ အလိုက် မိမိနှစ်သက်သူကို လျှို့ဝှက်ဆန္ဒမဲပေးရမည်။

(ည) ကော်မတီသည် လျှို့ဝှက်မဲစနစ်ဖြင့် ပေးထားသော ဆန္ဒမဲများကို ကော်မတီဝင်များရှေ့မှောက်တွင် ရေတွက်ပြီး မဲအများဆုံးရသော ကော်မတီဝင်များအား ရွေးချယ်ခံရသော ရာထူးနေရာများအလိုက် ကြေညာရမည်။ အကယ်၍ ဆန္ဒမဲတူညီနေပါက နာယကအဖွဲ့၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

## အခန်း (၄)

## ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကော်မတီသည် ဥပဒေပုဒ်မ ၁၇၊ ၁၈ တို့ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လုပ်ငန်းဌာန၊ အဖွဲ့အစည်းတို့မှ စိစစ်ပေးရန် တောင်းဆိုလာလျှင်-

(က) အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင်က ထုတ်ပြန်ထားပြီးဖြစ်သော စာစဉ်များပါ နိယာမများ၊ သုတေသနပြု လေ့လာတွေ့ရှိချက်များအပေါ် မှီငြမ်းထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ အတိုင်း ပညာရပ်ပိုင်းဆိုင်ရာ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ တမံကြီးများကို လေ့လာစိစစ်ခြင်း၊ တည်ဆောက်ခြင်း၊ နည်းဗျူဟာများချမှတ်ခြင်း၊ ဆက်စပ်စီမံခန့်ခွဲခြင်းနှင့် အသုံးချခြင်း တို့အပေါ် လိုအပ်သည့် သတင်းအချက်အလက်များကို တမံကြီးများနှင့် အဓိက ဆက်စပ်သည့်

Myanmar Law Information System (MLIS)

ပြည်ထောင်စုဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းတို့ထံမှ တောင်းခံစိစစ်၍ အကြံပြုချက်များ ပေးရမည်။

(ခ) တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီးများနှင့် ဆက်စပ်ရေအားအဆောက် အအုံများ၊ ဆက်စပ်လုပ်ငန်းများ၏ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ၊ အသေးစိတ်ဒီဇိုင်း အစီရင်ခံစာနှင့် စီမံကိန်း ခန့်မှန်းခြေစာရင်းများ ပြုစုရာတွင် ထည့်သွင်းပါရှိရမည့် မြေပြင်တိုင်းတာခြင်း၊ ဇလဗေဒ အချက်အလက်များ ရယူစုဆောင်းခြင်း၊ အင်ဂျင်နီယာ ဘူမိဗေဒ စူးစမ်းလေ့လာခြင်း၊ ရေမြေ ကွန်ကရစ် ကျောက် စူးစမ်းရှာဖွေစမ်းသပ်ခြင်း၊ ငလျင်ဒဏ်သက်ရောက်မှု စူးစမ်းလေ့လာခြင်း၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှု ဆန်းစစ်လေ့လာခြင်း၊ စီမံကိန်းအတွက် လုပ်ငန်းကာလ အပိုင်းအခြားအလိုက် လုပ်အား၊ အဓိက တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ စက်၊ ယန္တရား၊ ယာဉ်၊ စက်ကိရိယာပစ္စည်းများ လိုအပ်ချက်၊ ဘဏ္ဍာနှစ်အလိုက် ပြည်တွင်း သုံးငွေနှင့် နိုင်ငံခြား သုံးငွေ လိုအပ်ချက်၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း၊ အရင်းကြေမည့် ကာလ စစ်ဆေးတွက်ချက်မှု စသည်များနှင့်အတူ သက်ဆိုင်ရာလုပ်ငန်းဌာန၊ လုပ်ငန်းအဖွဲ့အစည်းများက ပြည့်စုံစွာ တင်ပြရမည့် အစီရင်ခံစာများနှင့် မူလ သို့မဟုတ် ပြုပြင်ပြီး စီမံကိန်းလုပ်ငန်းခန့်မှန်းခြေ စာရင်းများကို အချိန်နှင့် တစ်ပြေးညီ စိစစ်ပြီးအကြံပြု ထောက်ခံချက်များပေးရမည်။

(ဂ) တည်ဆောက်ပြီး တမံကြီးများနှင့် ဆက်စပ်ရေအားအဆောက်အအုံများ၏ ကြံ့ခိုင်လုံခြုံစိတ်ချရမှု၊ ဆက်စပ်လုပ်ငန်းများ လည်ပတ်အသုံးချမှုများအတွက် ဌာနဆိုင်ရာမှ ထုတ်ပြန်ထားသည့် လုပ်ထုံး လုပ်နည်း၊ နည်းဥပဒေများ၊ စာစဉ်များနှင့်အညီ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုအခြေအနေများကို ဦးစားပေးလုပ်ငန်းများအလိုက် ကွင်းဆင်းစစ်ဆေးပြီး အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်မှ ထုတ်ပြန်ထားသည့် စာစဉ်များကို မှီငြမ်း၍ အကြံပြုထောက်ခံချက်များ ပေးရမည်။

## အခန်း (၅)

## ကော်မတီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

### ကော်မတီဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကော်မတီဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ကော်မတီဥက္ကဋ္ဌ၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်း အတွေ့အကြုံအနည်းဆုံး ၂၅ နှစ်ရှိသူ ဖြစ်ရမည်။

(၂) တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိ ရိုသေသူဖြစ်ရမည်။

(၃) ကိုယ်ကျင့်တရားနှင့်ဆိုင်သည့် ပြစ်ဒဏ်ကျခံခဲ့ခြင်းမရှိသူဖြစ်ရမည်။

(ခ) **ကော်မတီဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(၁) ကော်မတီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

(၂) ကော်မတီရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲရ မည်။

(၃) ကော်မတီက သတ်မှတ်ထားသည့် လုပ်ငန်းများအတွက် သုံးစွဲရန် ရန်ပုံငွေပမာဏကို ခွင့်ပြုနိုင်သည်။

**ကော်မတီဒုတိယဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၉။ ကော်မတီ ဒုတိယဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ကော်မတီ ဒုတိယဥက္ကဋ္ဌ၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ ၂၀ နှစ် အထက်ရှိသူ ဖြစ်ရမည်။

(၂) တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိ ရိုသေသူဖြစ်ရမည်။

(၃) ကိုယ်ကျင့်တရားနှင့်ဆိုင်သည့် ပြစ်ဒဏ်ကျခံခဲ့ခြင်းမရှိသူဖြစ်ရမည်။

(ခ) **ကော်မတီဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(၁) ကော်မတီဥက္ကဋ္ဌကိုယ်စား တာဝန်ကျရောက်လာလျှင် တာဝန်ယူဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၂) လုပ်ငန်းများအောင်မြင်စေရေးအတွက် ကော်မတီဥက္ကဋ္ဌအား အကြံဉာဏ်များပေးခြင်း၊ အထောက် အကူများပြုခြင်း လုပ်ဆောင်ရမည်။

(၃) ကော်မတီဥက္ကဋ္ဌကိုယ်စားကော်မတီဝင်အချင်းချင်း ညှိနှိုင်းပေါင်းစပ်ပေးရမည်။

**ကော်မတီအတွင်းရေးမှူး၏ အရည်အချင်းနှင့် တာဝန်များ**

၁၀။ ကော်မတီအတွင်းရေးမှူး၏ အရည်အချင်းနှင့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ကော်မတီအတွင်းရေးမှူး၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂၀ နှစ် ရှိသူဖြစ်ရမည်။

(၂) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၂)၊ (၃) တို့တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) **ကော်မတီအတွင်းရေးမှူး၏ တာဝန်များ**

(၁) အလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးများ စနစ်တကျ ဖြစ်စေရေးအတွက် စီမံရမည်။

(၂) အဖွဲ့ခွဲအသီးသီး၏ တင်ပြချက်များကို အလုပ်အမှုဆောင် ကော်မတီတွင် ဆုံးဖြတ်ချက်ရယူပေး ရမည်။

(၃) ရုံးအဖွဲ့ကို ကြီးကြပ်စီမံခန့်ခွဲရမည်။

(၄) ကော်မတီ၏ အမိန့်နှင့် ညွှန်ကြားချက်များကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လက်မှတ်ရေးထိုးထုတ်ပြန် ရမည်။

(၅) အဖွဲ့ခွဲအသီးသီး၏ ရန်ပုံငွေ လိုအပ်ချက်များကို စုစည်း၍ ဘဏ္ဍာရေးမှူးနှင့် ညှိနှိုင်းပြီး ဥက္ကဋ္ဌထံ တင်ပြရမည်။

**ကော်မတီတွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်းနှင့် တာဝန်များ**

၁၁။ ကော်မတီတွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်းနှင့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) **ကော်မတီ တွဲဖက်အတွင်းရေးမှူး၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၂၀ နှစ်ရှိသူ ဖြစ်ရမည်။

(၂) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၂)၊ (၃) တို့တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) **ကော်မတီတွဲဖက်အတွင်းရေးမှူး၏တာဝန်များ**

(၁) အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း ပြုရမည်။

**ကော်မတီဘဏ္ဍာရေးမှူး၏ အရည်အချင်းနှင့် တာဝန်များ**

၁၂။ ကော်မတီဘဏ္ဍာရေးမှူး၏ အရည်အချင်းနှင့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ကော်မတီဘဏ္ဍာရေးမှူး၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၂၀ နှစ်ရှိသူ ဖြစ်ရမည်။

(၂) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၂)၊ (၃) တို့တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်။

**(ခ) ကော်မတီဘဏ္ဍာရေးမှူး၏ တာဝန်များ**

(၁) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတိုင်းတွင် ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှု၊ လက်ကျန်ငွေနှင့် သုံးစွဲရန် လျာထားချက်များကို တင်ပြရမည်။

(၂) ကော်မတီ၏ ဘဏ္ဍာရေးကိစ္စအဝဝကို တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ရေးအတွက် ငွေစာရင်းဝန်ထမ်းကို ကြီးကြပ်ရမည်။

(၃) ဘဏ္ဍာရေးဆိုင်ရာ စာရင်းများ၊ လယ်ဂျာများ တိကျမှန်ကန်စွာ ရေးသွင်းထိန်းသိမ်းမှုကို ကြီးကြပ်စိစစ်ရမည်။

(၄) ရငွေများကို ဘဏ်သို့ အချိန်မီ ပေးသွင်းရေးနှင့် ဘဏ်ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများ စနစ်တကျရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

**ကော်မတီစာရင်းစစ်၏ အရည်အချင်းနှင့် တာဝန်များ**

၁၃။ ကော်မတီစာရင်းစစ်၏ အရည်အချင်းနှင့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ကော်မတီစာရင်းစစ်၏ အရည်အချင်းများ**

(၁) ငွေစာရင်း ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂၀ နှစ် ရှိသူဖြစ်ရမည်။

(၂) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၂)၊ (၃) တို့တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(ခ) **ကော်မတီစာရင်းစစ်၏ တာဝန်များ**

ကော်မတီ၏ ဘဏ္ဍာရငွေ၊ သုံးငွေများကို တည်ဆဲပြဋ္ဌာန်းထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေး၍

Myanmar Law Information System (MLIS)

အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရမည်။

**လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ အရည်အချင်း**

၁၄။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ အရည်အချင်းသည် နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (က) ပါ အလုပ်အမှုဆောင် ကော်မတီဝင်များ၏ အရည်အချင်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

**အလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်းနှင့် တာဝန်များ**

၁၅။ အလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်းနှင့် တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) **အလုပ်အမှုဆောင် ကော်မတီဝင်များ၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁၅ နှစ်ရှိသူဖြစ်ရမည်။

(၂) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၂)၊ (၃) တို့တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(ခ) **အလုပ်အမှုဆောင် ကော်မတီဝင်များ၏ တာဝန်များ**

အလုပ်အမှုဆောင်ကော်မတီဝင်တိုင်းသည် အလုပ်အမှု ဆောင်ကော်မတီက ဖွဲ့စည်းသော အဖွဲ့ခွဲ တစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အဖွဲ့ခွဲများတွင် တာဝန်ပေးပါက ထမ်းဆောင်ရမည်။

**အစားထိုးရွေးချယ်တာဝန်ပေးအပ်ခြင်း**

၁၆။ အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦးလစ်လပ်သွားပါက အစားထိုး ရွေးချယ်နိုင်ရန် အနီးစပ်ဆုံး ပုံမှန်အစည်းအဝေး ကျင်းပချိန်တွင် တက်ရောက်သူ ကော်မတီဝင်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ရွေးချယ်တာဝန်ပေးအပ်ရမည်။

## အခန်း (၆)

## အဖွဲ့ခွဲများဖွဲ့စည်းခြင်း

**ဒေသတွင်းအဖွဲ့ခွဲများ**

၁၇။ အလုပ်အမှုဆောင်ကော်မတီသည် ဒေသတွင်း အဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့်အဖွဲ့ဝင် ၁၅ ဦး ရှိလျှင် အဖွဲ့ခွဲ အမှုဆောင် အဖွဲ့ဝင် သုံးဦးဖြင့်လည်းကောင်း၊ ၃၀ ဦးနှင့်အထက်ရှိလျှင် အဖွဲ့ခွဲ အမှုဆောင် ငါးဦးဖြင့်လည်းကောင်း ဖွဲ့စည်းရမည်။

**နည်းပညာဆိုင်ရာ အဖွဲ့ခွဲများ**

၁၈။ (က) အလုပ်အမှုဆောင်ကော်မတီသည် အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့များကို အခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ သက်ဆိုင်ရာ ပညာရှင်များဖြင့် အောက်ဖော် ပြပါ အဖွဲ့ခွဲများအပါအဝင် နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းရမည်-

(၁) တမံကြီးများဆိုင်ရာ စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ အဖွဲ့ခွဲ၊

(၂) တမံကြီးများဆိုင်ရာ စီမံကိန်းနှင့် ဒီဇိုင်းပုံစံ စနစ်အဖွဲ့ခွဲ၊

(၃) တမံကြီးများဆိုင်ရာ ခိုင်ခံ့လုံခြုံ စိတ်ချရမှု စစ်ဆေးရေး အဖွဲ့ခွဲ၊

Myanmar Law Information System (MLIS)

(၄) တမံကြီးများဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် သက်ရောက်ခြင်းအတွက် ဆန်းစစ်မှုဆိုင်ရာ အဖွဲ့ခွဲ၊

(၅) တမံကြီးများဆိုင်ရာ သုတေသန၊ လေ့ကျင့်ရေးနှင့် နည်းပညာဖြန့်ဝေမှုအဖွဲ့ခွဲ။

(ခ) အခြားလိုအပ်သော နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အင်ဂျင်နီယာများ၊ ပညာရှင်များဖြင့် တိုးချဲ့ဖွဲ့စည်း နိုင်သည်။

(ဂ) နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အလုပ်အမှုဆောင် ကော်မတီဝင် တစ်ဦးဦးက ဦးဆောင်လျက် ခုနစ်ဦးထက် မပိုသော ကော်မတီအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းနိုင်သည်။

## အခန်း (၇)
## ကော်မတီအစည်းအဝေးများ

**အစည်းအဝေးများ**

၁၉။ (က) ကော်မတီ၏ ပုံမှန်အစည်းဝေးကို သုံးလလျှင် တစ်ကြိမ်ကျင်းပနိုင်သည်။

(ခ) အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီဝင်ဦးရေ၏ အနည်းဆုံးသုံးပုံနှစ်ပုံ အရေအတွက်က တရားဝင် စာဖြင့် အထူးအစည်းအဝေး ကျင်းပပြုလုပ်ပေးရန် တင်ပြလာပါက တင်ပြချက်များလက်ခံ ရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ကော်မတီ၏အထူးအစည်းအဝေးခေါ်ယူနိုင်သည်။ အနည်းဆုံး ကော်မတီဝင်ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

**အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး**

၂၀။ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို ဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေါ်ယူ ကျင်းပနိုင်သည်။

**အဖွဲ့ခွဲများအစည်းအဝေး**

၂၁။ အဖွဲ့ခွဲများ၏ ညှိနှိုင်းအစည်းအဝေးများကို လိုအပ်လျှင် လိုအပ်သလို ကျင်းပနိုင်သည်။

၂၂။ ကော်မတီအစည်းအဝေး၊ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးနှင့် အဖွဲ့ခွဲအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ကန့်သတ်အဆင့် သတ်မှတ်ရမည်။

**ဖိတ်ကြားခြင်း**

၂၃။ (က) အုပ်ချုပ်ရေးမှူးသည် အစည်းအဝေးကျင်းပမည့်နေရာ၊ နေ့ရက်၊ အချိန်နှင့် အစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ဖော်ပြလျက် အစည်းအဝေးမကျင်းပမီ အနည်းဆုံး သုံးရက် ကြိုတင် ၍ စာဖြင့် ဖိတ်ကြားရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာလက်ခံရရှိခြင်းမရှိ၍ ကော်မတီဝင် တစ်ဦးဦး အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်ခြင်းသည် ထိုအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ကိစ္စများအား ပျက်ပြယ် ခြင်း မရှိစေရ။

(ဂ) ကော်မတီဝင် တစ်ဦးဦးသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သုံးကြိမ်တစ်ဆက်တည်း ပျက်ကွက်ခြင်းမရှိစေရ။ ခွင့်မဲ့သုံးကြိမ် တစ်ဆက်တည်း ပျက်ကွက်ပါက ကော်မတီအနေဖြင့် ပထမအကြိမ်မှတ်တမ်းတင် သတိပေးစာထုတ်ပြန်ရမည်။ ဆက်လက်ပျက်ကွက်နေပါက ကော်မတီ

Myanmar Law Information System (MLIS)

အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ရန် ကော်မတီ၏ ပုံမှန်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးသို့ တင်ပြဆောင်ရွက်ရမည်။

**အစည်းအဝေးမှတ်တမ်းများ**

၂၄။ (က) အုပ်ချုပ်ရေးမှူးသည် အစည်းအဝေးမှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးမှတ်တမ်းအားလုံးကို အုပ်ချုပ်ရေးမှူးက စနစ်တကျ မှတ်တမ်းတင်သိမ်းဆည်းရမည်။

(ဂ) အစည်းအဝေးတစ်ခု ကျင်းပပြီးတိုင်း အုပ်ချုပ်ရေးမှူးသည် အစည်းအဝေးမှတ်တမ်း မူကြမ်းကို အစည်းအဝေးတက်ရောက်သူအားလုံးက အတည်ပြုပေးရမည့် နောက်ဆုံးရက် သတ်မှတ်၍ လှည့်လည် စာတွဲဖြန့်ဝေရမည်။

(ဃ) အစည်းအဝေးမှတ်တမ်းများသည် အစည်းအဝေး၌ ဆုံးဖြတ်ထားသော အချက်အားလုံးအတွက် သက်သေခံအထောက်အထားအဖြစ် မှတ်ယူရမည်။

**ဆန္ဒမဲပေးခြင်း**

၂၅။ အစည်းအဝေးတွင် ပေါ်ပေါက်လာသော ပြဿနာတစ်ရပ်ရပ်အတွက် အဆုံးအဖြတ် ရယူရန် တက်ရောက်လာသူ အများစုက လက်ထောင်ကာ ဆန္ဒပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အစည်းအဝေးတက်ရောက်သူ တစ်ဦးဦးက မှတ်တမ်းတင်ပေးရန် အဆိုပြုလျှင် ထောက်ခံသူအမည် စာရင်း၊ ကန့်ကွက်သူ အမည်စာရင်းနှင့် ကြားနေသူ အမည်စာရင်းတို့ကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ရမည်။

**ဘဏ္ဍာငွေရှင်းတမ်းတင်ပြခြင်း**

၂၆။ အလုပ်အမှုဆောင် ကော်မတီအစည်းအဝေးများတွင် ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာငွေစာရင်းရှင်းတမ်းကို အောက်ပါအတိုင်းတင်ပြရမည်-

(က) လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အစည်းအဝေးကျင်းပသည့်လ မတိုင်မီလ၏ လကုန်ရက်အထိ ကော်မတီ၏ ရငွေနှင့် သုံးငွေများ၊

(ခ) အစည်းအဝေးကျင်းပသည့်လ မတိုင်မီလ၏ လကုန်ရက်ရှိ လက်ကျန်ငွေစာရင်းရှင်းတမ်း။

## အခန်း (၈)

## အတွင်းရေးမှူးများအဖွဲ့ ဖွဲ့စည်းခြင်း

**အတွင်းရေးမှူးများအဖွဲ့**

၂၇။ သတင်းအချက်အလက်များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီးဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးများအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | အုပ်ချုပ်ရေးမှူး | ၁ ဦး |
| (ခ) | လက်ထောက်အုပ်ချုပ်ရေးမှူး | ၁ ဦး |
| (ဂ) | ငွေစာရင်းဝန်ထမ်း | ၁ ဦး |
| (ဃ) | လုပ်ငန်းပမာဏနှင့်ညီမျှသော ဝန်ထမ်းများ | |

Myanmar Law Information System (MLIS)

**အုပ်ချုပ်ရေးမှူး**

၂၈။ **အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ**

အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီအဖွဲ့ဝင်များအဖြစ် အဆိုပြုတင်သွင်းလာသော လျှောက်လွှာများကို လက်ခံ၍ ကော်မတီသို့ စိစစ်တင်ပြခြင်း၊

(ခ) ကော်မတီက ကော်မတီအဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပါက မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း၊ မှတ်ပုံတင်စာရင်းပြုစုခြင်း၊

(ဂ) ကော်မတီ၏ခွင့်ပြုချက်အရ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ဖြစ်ကြောင်း စိစစ်ရေးကတ်ပြား သို့မဟုတ် အထောက်အထား ထုတ်ပေးခြင်း၊

(ဃ) မှတ်ပုံတင်စာရင်းများကို ကော်မတီသို့တင်ပြ၍ ကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊ ယင်းမှတ်ပုံတင်စာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(င) တမံကြီးများဆိုင်ရာ အချက်အလက်များကို စုစည်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြုစုခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကော်မတီအဖွဲ့ဝင်များသို့ ဖြန့်ဝေခြင်း၊

(စ) ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ကော်မတီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများကျင်းပရေး အတွက် ဖိတ်ကြားခြင်း၊

(ဇ) ကော်မတီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများတွင် မှတ်တမ်း တင်သူအဖြစ် ဆောင်ရွက်ခြင်း၊

(ဈ) အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်းခြင်း၊

(ည) ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီရုံးတို့၏ ရုံးစာတွဲများ၊ အမှုတွဲများ၊ မှတ်တမ်းများ အပါအဝင် ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်စသည်များကို လုံခြုံစွာ ထိန်းသိမ်းခြင်း၊

(ဋ) ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီက ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အခါအားလျော်စွာ အစီရင်ခံ တင်ပြခြင်း။

**လက်ထောက်အုပ်ချုပ်ရေးမှူး**

၂၉။ လက်ထောက်အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးမှူးကို တာဝန်ခံရမည်။

**ငွေစာရင်းဝန်ထမ်း**

၃၀။ ငွေစာရင်းဝန်ထမ်းသည် ဘဏ္ဍာရေးမှူးအား တာဝန်ခံ၍ ကော်မတီ၏ ငွေစာရင်းဆိုင်ရာ ကိစ္စရပ် များကို တာဝန်ယူဆောင်ရွက်ရမည်။

**အခန်း (၉)**

**ရန်ပုံငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်း**

၃၁။ ကော်မတီ၏ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

Myanmar Law Information System (MLIS)

(က) အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးတို့မှ ရရှိသည့်ငွေများအပါအဝင် အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊

(ခ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ အပါအဝင် ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊

(ဂ) ကော်မတီ၏ကြီးကြပ်မှုဖြင့် ကော်မတီအဖွဲ့ဝင်များ၏ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများမှ ထောက်ပံ့ရရှိငွေများ၊ ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေများအပါအဝင် တမံကြီးများနှင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဆောက်ရွက်မှုလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ။

၃၂။ ကော်မတီသည်-

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်ရာတွင် လုံလောက်မှုမရှိပါက လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) နှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တင်ပြတောင်းခံရာတွင် တောင်းခံရသည့် အကြောင်းအရင်းကို ကျိုးကြောင်းစုံလင်စွာ ဖော်ပြ၍ ရေးဆွဲတင်ပြရမည်။

(ဃ) အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင်သို့ နှစ်စဉ်ကြေးကို နိုင်ငံခြားသုံးငွေဖြင့် ပေးသွင်းရာတွင် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံနိုင်သည်။

၃၃။ ကော်မတီသည် ရန်ပုံငွေ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍-

(က) အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ ပြည်တွင်းပြည်ပအလှူရှင်များက လှူဒါန်းသော လှူဒါန်းငွေ အပါအဝင် ကော်မတီ၏ရငွေများကို မြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုတွင် ငွေစုဘဏ်စာရင်း (saving account) ဖွင့်လှစ်၍ ထည့်သွင်းခြင်း၊ အသုံးစရိတ်များကို ထုတ်ယူသုံးစွဲခြင်းတို့ကို တည်ဆဲဘဏ္ဍာရေး ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ကော်မတီ၏ ရန်ပုံငွေများမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များကို သီးခြားစီ စာရင်းပြုစုထားရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ အသုံးစရိတ်ရှင်းတမ်း များကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ လစဉ်ပေးပို့ရမည်။

(ဃ) ကော်မတီ၏ရန်ပုံငွေများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသော အသုံးစရိတ်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ငွေစာရင်းသွင်း ခြင်း၊ သုံးစွဲခြင်း၊ လက်ကျန်ရှင်းတမ်းထုတ်ခြင်း ပြုလုပ်ရမည်။

Myanmar Law Information System (MLIS)

(င) အဆိုပါစာရင်းများကို နှစ်စဉ်စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုခံယူရမည်။ လိုအပ်ပါက အထူး စစ်ဆေးချက်များကိုလည်း ခံယူရမည်။

(စ) ငွေထုတ်ချက်လက်မှတ်အားလုံးကို ဥက္ကဋ္ဌ သို့မဟုတ် ဉက္ကဋ္ဌအလို့ငှာ ဥက္ကဋ္ဌက မိမိကိုယ်စား တာဝန် ပေးအပ်ထားသော အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က လက်မှတ်ရေးထိုးရမည်။

၃၄။ ကော်မတီ၏ငွေစာရင်းများကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စာရင်းပြုစုရမည်။

၃၅။ ကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များကို နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလအတွင်း ပြီးခဲ့သည့်နှစ် မိမိ၏ဆောက်ရွက်ချက်များနှင့်အတူ ဝန်ကြီးဌာန သို့ စာဖြင့်တင်ပြရမည်။

၃၆။ ကော်မတီသည် အောက်ပါ ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီ များကို လက်ခံဆောင်ရွက်နိုင်သည်-

(က) တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းတစ်ရပ်ရပ်၊

(ခ) သက်ဆိုင်ရာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာသံရုံးများ၏ စိစစ်ထောက်ခံချက်ပါရှိသည့် ပြည်ပအဖွဲ့အစည်းတစ်ရပ်ရပ်၊

(ဂ) ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်တစ်ဦးဦး။

၃၇။ ကော်မတီသည် လက်ခံရရှိသော အလှူငွေများ၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ အလှူရှင်၏ အမည်၊ နေရပ် လိပ်စာ၊ အလှူငွေ၊ ပစ္စည်း၊ ယင်းပစ္စည်း၏ တန်ဖိုး၊ လှူဒါန်းသည့်နေ့ရက် စသည်တို့ကို စနစ်တကျ မှတ်တမ်းတင်ပြီး လက်ခံရရှိကြောင်း အထောက်အထားကို အလှူရှင်အား မပျက်မကွက် ပြန်လည် ပေးအပ်ရမည်။

၃၈။ ကော်မတီသည် လှူဒါန်းမှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီး ဌာနမှတစ်ဆင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနထံ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၁၀)

## အထွေထွေ

၃၉။ မြန်မာနိုင်ငံတံမံကြီးများဆိုင်ရာ အမျိုးသားကော်မတီရုံးကို ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တည်ထောင်ရမည်။ မြန်မာနိုင်ငံတံမံကြီးများဆိုင်ရာ အမျိုးသားကော်မတီရုံးခွဲများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တည်ထောင်နိုင်သည်။

၄၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးဌာနမှ အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) တာဝန်အရခရီးသွားလာရပါက အမှန်တစ်ကယ် ကုန်ကျသည့် ခရီးစရိတ်နှင့် သတ်မှတ်ထားသည့် နေ့တွက်စရိတ်များကို ခံစားခွင့်ရှိသည်။

၄၁။ ကော်မတီသည်-

Myanmar Law Information System (MLIS)

(က) ရုံးတံဆိပ်ကို ကော်မတီ၏ တရားဝင်စာများမှအပ အခြားကိစ္စရပ်များတွင် သုံးစွဲခြင်းမပြုရ။

(ခ) တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံခွင့်ရှိသည်။

ဒေါက်တာအောင်သူ

ပြည်ထောင်စုဝန်ကြီး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

Myanmar Law Information System (MLIS)